# သင်တို့သည် အဘယ်မည်သော ဗတ္တိဇံကို ခံကြသနည်း

**အသစ်အဆန်း ရှာဖွေတွေ့ရှိခြင်း။** ။ လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀) ခုလောက်တွင် အီတလီလူငယ်တယောက်သည် အနောက်ဘက်မှအရှေ့ဘက်သို့ ပင်လယ်ခရီးလမ်းပေါက်တခုရှာရန် သင်္ဘောနှင့် ထွက်သွားခဲ့ဘူးပါသည်။ ထိုခေတ်အခါက လူတို့သည် ကမ္ဘာမြေကြီးကို ပြားသည်ဟုအယူအဆရှိသောကြောင့် ဤသို့သောကြိုးစားမှုမျိုးကို အလွန်ကြောက်မက်ဘွယ်ရာကောင်းသည်ဟု ထင်မှတ်ယူကြသည်။ ထို့ကြောင့် ခရစ်တိုဖာကိုလံဘတ်(စ်)သည်၊ အင်္ဂလန်ဘုရင် ဟင်နရီ (၇)ထံ အကူအညီတောင်းခဲ့သော်လည်း အရာမရောက်ပါ၊နောက်ဆုံးတွင် သူသည် စပိန်ဘုရင် ဖာဒီနန်နှင့် ဘုရင်မ အိုင်စဗလားထံမှ အကူအညီရယူ၍ သူ့ပင်လယ်ခရီးကို စထွက်ခဲ့လေသည်။

အဘယ်ကြောင့် ကမ္ဘာကြီးလုံးသည်ဟူသော သီအိုရီကို မယုံကြည်နိုင်ဘွယ်ရာဖြစ်သနည်း။ လူတို့သည်ရှေးရိုးစဉ်လာ အယူအဆအပေါ် အယူသေးမှုရှိသောကြောင့် သစ်လွင်သောအယူအဆများကို လက်ခံရန် ခဲယဉ်းလှပေသည်။ သူတို့၏စိတ် ထရံနှင့်ကာရံ သကဲ့သို့ဖြစ်သည်။

ထိုနည်းတူစွာ ရှေးထုံးစဉ်လာ အယူသေးမှုတခုခုသည် ခရစ်ယာန်လူသားတယောက်၏အတွေ့အကြုံကို ဆီးတားလာသောအခါအဖြစ်တင်ခြင်းခံရ၏၊ ယေရှုက "သင်တို့သည် အဆက်ဆက်ခံသောနည်းဥပဒေကို အမှီပြု၍ ဘုရားသခင်၏ပညတ်တော်ကို အဘယ်ကြောင့် ကျူးလွန်ကြသနည်း" ဟု-ရှင်မဿဲခရစ်ဝင် ၁၅း၃ တွင်ပြောထားခဲ့ပါသည်။ များစွာသောခရစ်ယာန်တို့အား ဂိုဏ်းဂဏ၏ စည်းမျဉ်းဥပဒေများကချည်နှောင်ထားသောကြောင့် သမ္မာကျမ်းစာ၏မှန်ကန်မှုအသစ်အဆန်းတို့ကို ပြည့်စုံစွာရှာဖွေစုံစမ်းလေ့လာရန်သူတို့အတွက် ခဲယဉ်းလေသည်။ စဉ်းလည်းမစဉ်းစားနိုင်ကြပါ။

လွန်ခဲ့သော နှစ်အနည်းငယ်လောက်က၍၊ အံ့ဩဘွယ်ရာကောင်းလောက်အောင် ရေနှစ်ခြင်းမင်္ဂလာသည်များစွာသောလူတို့၏ စိတ်နှလုံးကို၊ အလင်းသွင်းပေးခဲ့လေသည်။ ထို အလင်းသည်သစ်ဆန်းသောအမှန်တရားမဟုတ်သောကြောင်း ဆန်းသစ်သောအလင်းမဟုတ်ပါ၊အသစ် အဆန်းကဲ့သို့ဖြစ်သော်လည်း၊ အမှန်တကယ်မှာသစ်ကျမ်းထဲကမှန်ကန်သည့်အချို့သောတရားများပင်ဖြစ်ပေသည်။ ဤအချက်ကို ဆွေးနွေးနိုင်ရန်အတွက် မိတ်ဆွေသည်ကျမ်းစာနှင့် စိတ်နှလုံးဖွင့်ဟထားရန် မေတ္တာရပ်ခံချင်ပါသည်။

**အမျိုးမျိုးသောခံယူချက်။** ။ ရေနှစ်ခြင်းမင်္ဂလာနှင့် ပတ်သက်၍ အမျိုးမျိုးသောခံယူချက်များ ပေါ်ပေါက်လာလေသည်။ အချို့သည် မမှန်သောရေနှစ်ခြင်းမရှိ၊ အားလုံးမှန်ကန်ပါသည်ဟုဆိုသည်၊ သို့သော်ကျမ်းစာက အမှန်အကန်သွန်သင်သည်ကား စစ်မှန်သော ခရစ်ယာန်တဦး၏ လိုက်နာဆောင်ရွက်ရန် အစိတ်အပိုင်းတခုဖြစ်ပါသည်။ တမန်တော်ဝတ္တု ၁၀း၄၇ တွင် "ဤသူတို့ကိုဗတ္တိဇံမပေးခြင်းငှါ အဘယ်သူသည် ရေကိုမြစ်တားနိုင်သနည်း" ဟူ၍ရေးသားထားပါသည်။

ဗတ္တိဇံကိုမည်ကဲ့သို့ပြုလုပ်မည်နည်း၊ ရေစက်ချမည်လော၊ ရေလောင်းမည်လော၊ ရေဖျန်းမည်လော၊ ရေနှစ်မည်လော၊ တမန်တော်ဝတ္တု ၈း၃၈ တွင် ဖိလိပ္ပုသည် ထိုအမတ်နှင့်တကွ ရေထဲသို့ဆင်း၍၊ ဗတ္တိဇံကိုပေး၏။ ဆက်၍ ရေထဲကတက်ကြလျှင် ဟူ၍ ငါတို့အားတင်ပြခဲ့သည်။ ဗတ္တိဇံသည်ရေထဲ၌ နှစ်ခြင်းသာဖြစ်သောကြောင့် အကျိုးမဲ့မပြုလုပ်ကြပါ။ ရောမဩဝါဒစာ ၆း၄ တွင် "အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏" ဟူ၍ ရေးသားသည်။ နောက်အခန်းငယ်တွင်၊ "အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍၊ ထိုသခင်နှင့်အတူ ငါတို့ကိုစိုက်ပျိုးလျက်ရှိသည်" ဟူ၍လည်းရေးသားဆားသည်၊ဤအချက်နှစ်ခုသည်၊ ဗတ္တိဇံဟုဆိုရာ၌ နှစ်ခြင်း (immersion) လိုအပ်ကြောင်း၊ အထူးပြုခြင်းပင်ဖြစ်ပေသည်။

သမိုင်းစာအုပ်များကလည်း ဤအချက်အတွက်သက်သေထူခဲ့ပါသည်။ ကမ္ဘာ့စွယ်စုံကျမ်းစာအုပ်က အစကနဦးကဗတ္တိဇံသည် ရေထဲ၌နှစ်ခြင်းသာဖြစ်သည်ဟု ကျွန်ုပ်တို့အားပြောပြခဲ့ပါသည်။ ကာတ်တလစ် စွယ်စုံကျမ်းက ပဌမရာစုခေတ်တွင်၊ခရစ်ယာန်လူသားအားလုံး

သည် ချောင်းထဲ၌ဖြစ်စေ၊ ရေကန်ထဲ၌ဖြစ်စေ၊ ရေနှစ်ခြင်းခံရန်ပြုလုပ်ထားသော နေရာများ၌ဖြစ်စေ၊ ဗတ္တိဇံကိုရေနှစ်ခြင်းဖြင့် ခံယူကြပါသည်ဟုရေးသားထားပါသည်။

**ထိုအရာသည် ခြားနားမှု ဖြစ်စေခဲ့သလား။** ။ သင်၏အဘယ်မည်သော ဗတ္တိဇံခံယူခြင်းသည် သင်၏စစ်မှန်သော ခရစ်ယာန်တယောက်ဖြစ်ခြင်းနှင့် ခြားနားမှုဖြစ်စေခဲ့သလား၊ မေတ္တာတော်ရှင်ထာဝရ ဘုရားသခင်သည်၊ လုံးဝရေနှစ်ခြင်းမခံခဲ့ဘူးသော်လည်း စစ်မှန်သောလူတယောက်အား ငြင်းပယ်မည်လားဟူ၍ မေးခွန်းမေးခဲ့ပါလိမ့်မည်။ ကျမ်းစာကအဖြေပေးသည်မှာ သင်၏ဘုရားသခင်ပညတ်ချက်များလိုက်နာခံယူမှုကို သင်၏ရိုးသားဖြောင့်မတ်ခြင်း၊စစ်မှန်ခြင်းတို့က၊ သက်သေပြရမည်ဖြစ်လေသည်။ စစ်မှန်သောစိတ်ဓါတ်ရှိသူ တဦးတယောက်သည်ယေရှုခရစ်တော်နှင့်နီးကပ်စွာလျှောက်သွားနိုင်ရန် အရေးကြီးသောအချက်အလက်များပို၍ကြိုးစားရှာကြံရမည်ဖြစ်လေသည်။ ဘုရားသခင်၏အလိုတော် လိုက်နာခံယူခြင်းသည်၊ ကျွန်ုပ်တို့၏စစ်မှန်မှုကိုသက်သေပြရန်၊ အံ့သြဘွယ်လောက်သော အထူးအခွင့်အရေး တမျိုးပင်ဖြစ်ပါသည်၊ ဗတ္တိဇံခံခြင်းသည် ဘုရားသခင်၏အလိုတော် လိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။ (ယော ၃း၅-၇၊ မ ၂၈း၁၉၊ ဟ ၁၆း၁၆၊ တမန် ၂း၃၈၊၄၁၊ လု ၂၄း၄၇)။

**မှန်ကန်သောပုံသေနည်းသည် အဘယ်နည်း။** ။ ကျွန်ုပ်တို့သည် မှန်ကန်သော ဗတ္တိဇံပုံသေနည်းကို မည်ကဲ့သို့ဖေါ်ထုတ်နိုင်မည်နည်း။ ယခုအခါ ဂိုဏ်းဂဏထဲခုမျှမရှိဟုဆိုကြပါစို့။ ကျမ်းစာအုပ်သာလျှင် ဆက်သွယ်နိုင်သောရေသောက်မြစ်ဖြစ် သည်ဟုယူဆကြပါစို့။ ကျွန်ုပ်တို့သည်၊ ဓမ္မသစ်ကျမ်းကိုဖတ်၍သောအခါ၊ ချက်ခြင်းပင်လူတယောက်သည်မည်ကဲ့သို့ဗတ္တိဇံခံရမည်ဟုသောအချက်တွေ့မြင်ရလေသည်။ တမန်တော်ဝတ္တုအခန်းကြီး ၂တွင်၊ မဟောပြောစဘူး၊ ထူးခြားစွာအောင်မြင်မှုပေးသောတရားဟောချက်ကိုတွေ့ရလေသည်။ ပင်တေကုတ္တေနေ့တွင်၊ ရှင်ပေတရုသည် ထိုတရားကိုဟောပြောခဲ့ပါသည်။ ဤသို့တရားဟောခြင်းအားဖြင့် ပတ်ဝန်းကျင်မှာရှိနေသောလူထုကြီးသည် မိမိတို့၏ အပြစ်များကိုသိပြီးသကာလ စိတ်သောကရောက်ရှိ၍ ပူပန်ခြင်းရှိကာ၊ ''ညီအစ်ကိုတို့ အဘယ်သို့ပြုရပါမည်နည်း''ဟူ၍ အော်ဟစ်မေးမြန်းပြီး စိတ်နှလုံးပြောင်းလဲခြင်းရှိသော လူသုံးထောင်တို့အား ခရစ်ယာန်အဖြစ်သို့ဆွဲဆောင်နိုင်နိုင်ခဲ့သည်။

ဤအရာသည် ဝိဥာဉ်တော်အားဖြင့် အဆက်ရှင်ခြင်းနှင့် ယှဉ်



သောလှုပ်ရှားမှုကြီးတရပ်ဖြစ်ပေသည်။ သခင်ယေရှုသည်၊ ရှင်ပေတရုအား ကောင်းကင်နိုင်ငံ၏သော့တို့ကိုပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ပေတရု၏အဖြေသည်မှားခဲ့လျှင်၊ ဤသုံးထောင်သောလူအား လမ်းမှားစေနိုင်သည့်အပြင်၊ လာမည့်ရာစုနှစ်များအတွင်း၊ လိုက်လာယုံကြည်ကြမည့် သန်းပေါင်းများစွာသော နောင်လာ နောက်သားတို့ကိုလည်း လမ်းမှားစေမည်ဖြစ်ပေသည်။ အခန်းငယ် ၃၈တွင် မှန်ကန်ပြတ်သားသော ပေတရု၏အဖြေကိုတွေ့မြင်ရသည်။ ''သင်တို့၏အပြစ်များကို လွှတ်စေခြင်းငှါ နောင်တရ၍တယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌၊ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးကို ခံရကြလိမ့်မည်။ ''ထို့ကြောင့်ပဌမဦးဆုံးခရစ်ယာန်တို့၏ဗတ္တိဇံသည် ယေရှုခရစ်၏နာမ၌ဖြစ်ကြောင်းသိရှိရပါသည်။

တမန်တော်ဝတ္တုအခန်းကြီးရှစ်သည်၊ ဗတ္တိဇံပုံသေနည်းကိုဒုတိယမှတ်တမ်းတင်သော အခန်းပင်ဖြစ်သည်။ အခန်းငယ် ၁၆က ကျမ်းချက်သည်''သူတို့သည်သခင်ယေရှု၏နာမ၌ ဗတ္တိဇံကိုခံယူသည်''ဟုရေးသားထားသည်။

တတိယမှတ်တမ်းသည် တမန်တော်ဝတ္တုအခန်းကြီးတဆယ်ပင်ဖြစ်သည်။ တမန်တော်ပေတရုသည်၊တခြားအမျိုးသားတို့အတွက်ကယ်တင်ခြင်းတံခါးဖွင့်ပေးနိုင်ရန်ထူးခြားသောအခွင့်အရေးတရပ်ရရှိထားပါသည်။ တမန်တော်ဝတ္တု ၁၀း၄၈ က သူသည်ယေရှုခရစ်၏နာမ၌ ဗတ္တိဇံပေးရန်စီရင်သည်''ဟု ပြောပြခဲ့သည်။

ရှင်ပေါလုသည် ဧဖက်မြို့၌ခရစ်ယာန်အသင်းတော်ထူထောင်ခဲ့ပါသည်။ တမန်တော်ဝတ္တု ၁၉း၅ ဖေါ်ပြသည်မှာ သူတို့သည် ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံယူကြသည်''ဟူ၍ဖြစ်သည်။ တမန်တော်ဝတ္တု၌ဗတ္တိဇံပုံသေနည်းမှတ်တမ်းတင်ထားချက်များသည် အားလုံးညီညွတ်မှုရှိကြသည်ကိုတွေ့ရသည်။

**သမိုင်းစာအုပ်များက ဘာပြောခဲ့သနည်း။** ။ လောကီဆိုင်ရာသမိုင်းစာအုပ်တခုသည်၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံပေးခြင်းသည် သမိုင်းစဉ်မှတ်တမ်းအရ တိကျစွာထူထောင်ခဲ့ပြီးဖြစ်ကြောင်း သီအိုရီသဘောမဟုတ်ဘဲ၊ လက်တွေ့ကျကျ ကျင့်သုံးခြင်းဖြစ်ကြောင်းဖေါ်ထုတ်ခဲ့သည်။

အမေရိကန်မြောက်ပိုင်း လူဗွီလ်၊ ကင်သာကီ (Louisville Kentucky)နှစ်ခြင်းဆမ္မာကျမ်းစာသင်ကျောင်းမှနာမည်ကြီးပညာ

နာမနှင့်ထာကြောင်း ရှင်ယောဟန်ခရစ်ဝင် ၅း၄၃ တွင် ပြောပြခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို၊ သူ့နာမ(ယေရှု)နှင့် လွှတ်မည်ဟု ရှင်ယောဟန် ၁၄း၂၆တွင် ဟောကြားထားလေသည်။

ထာဝရဘုရားသည် ယေဟောဝါဖြစ်ကြောင်း ထွက်မြောက်ရာကျမ်း ၆း၃တွင် ပြောခဲ့ပါသည်။ ယေဟောဝါထည် မိမိကိုယ်ကိုလူသားတို့အပေါ် ထင်ရှားရန်အတွက် ဘုရားရှင်အသုံးပြုသောနာမပင်ဖြစ်ပေသည်။ ဘုရားရှင်သည်၊ယေဟောဝါယေရိဖြစ်ကြောင်း ဘုရားရှင်ထောက်ပံ့သည်ဟုဖေါ်ပြခဲ့သည်။ ဘုရားရှင်သည် ယေဟောဝါရာဖ–ငါသည်သင်တို့၏ ရောဂါကို ငြိမ်းစေသော ထာဝရဘုရားဖြစ်သည်ဟုဖေါ်ပြခဲ့သည်။ ဘုရားရှင်သည်၊ ယေရှု–သို့မဟုတ် ယေဟောဝါ– ကယ်တင်ရှင်ဖြစ်သည်။ ဤအချက်သည် အရေးကြီး၏။ ''ထိုသခင်၏နာမတော် (ယေရှု) မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ။''

**ယေရှုနာမတော်၌ တန်ခိုးရှိသည်။** ။ ဗတ္တိဇံနှင့်ဆိုင်သော မှန်ကန်ချက်တခုကား ယေရှုနာမတော်၌ တန်ခိုးရှိခြင်းပင်ဖြစ်လေသည်၊ ခရစ်တော်သည် ကောင်းကင်ဘုံ၌ရှင်း၊ မြေကြီးပေါ်၌ရှင်း စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို သူခံပြီးကြောင်း တမန်တော်တို့အား ပြောပြခဲ့လေသည်။ ထိုအခါသူတို့သည်လည်းထိုတန်ခိုးကို ယေရှုနာမတော်ကိုအမှီပြု၍ထိန်းသိမ်းအသုံးချရန်ပြုလုပ်ခဲ့လေသည်။ ယေရှုသည် နာမတော်ကိုအမှီပြု၍မည်းတော်မှာတောင်းသမျှကိုပေးမည် ယေရှုသည် နာမတော်ကိုအမှီပြု၍ အနာရောဂါငြိမ်းစေမည့်အကြောင်း တမန်တော်တို့အား ပြောပြခဲ့လေသည်။ ယေရှု၏နာမတော်ကိုယုံကြည်ခြင်းနှင့်အမှီပြုလျှင် အသက်ရှင်သော ယေရှုခရစ်တော်ကို မြင်တွေ့နိုင်သောအရာတွင် ထင်ရှားပေလိမ့်မည်။

**ဗတ္တိဇံကိုကျမ်းစာအတိုင်းလိုက်နာရမည်။** ။ ယေရှုခရစ်တော်၏နာမ၌ ဗတ္တိဇံခံယူခြင်းနှင့်ပတ်သက်၍ တိကျသောပုံသေနည်းသည် အရေးကြီးပေမည်။ ခြားနားခြင်းအလျှင်မရှိဟု ပြောတတ်သောလူအချို့ရှိစမြဲဖြစ်ပါသည်။သို့သော်ရှေးအခါတမန်တော်များအတွက် ခြားနားမှုအလျှင်ရှိခဲ့လျှင် ကျွန်တော်တို့အပေါ်မှာလည်း ခြားနားမှုပေးရမည်ဖြစ်သည်။ တမန်တော်၁၉တွင် ရှင်ပေါလုသည်၊ ယောဟန်၏နောက်လိုက်တပည့်များအား ဒုတိယအကြိမ်နှစ်ခြင်းခံရန် တိုက်တွန်းခဲ့လေသည်။ သူတို့သည်ရေထဲ၌ ယောဟန်၏ဗတ္တိဇံကိုယူပြီးသားဖြစ်ပါသည်။ သူတို့သည်နောင်တရသောကြောင့်ဗတ္တိဇံခံယူခြင်း



ရှိပါမောက္ခတဦးအား ဤမေးခွန်းမေးခဲ့ပါသည်။ ခမ္မသစ်ကျမ်းစာ၏ ဗတ္တိဇံပုံသေနည်းသည်အဘယ်နည်း။ သူ့အမှန်အဖြေပေးချက်မှာ–သူတို့သည်ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံခံယူကြပါသည်'' ဟူသောအချက်ပင်ဖြစ်လေသည်။

ဟဲစတင်းခေါ် ဘာသာရေးဆိုင်ရာစွယ်စုံကျမ်း (The Hasting Encyclopedia of Religion) သည်၊ ယေရှုခရစ်တော်၏ နာမ၌ ဗတ္တိဇံပေးခြင်းကို ပင်တေကုတ္တေနေ့ နောက်ပိုင်းနှစ်ပေါင်းများစွာထိ ဆက်လက်ကျင့်သုံးခဲ့ကြောင်း ပြတ်သားစွာပြောပြခဲ့သည်၊ ဤအချက်သည်၊ သမိုင်းစဉ်အရ မှတ်တမ်းတင်ထားပြီးဖြစ်ကြောင်း၊ ဗြိတိန်နိက စွယ်စုံကျမ်းက၊ ရှေးအကျဆုံး ခရစ်ယာန်များ နေရာဒေသတကာတွင် ဗတ္တိဇံကိုယေရှုနာမ၌ ခံယူနေကြကြောင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဗတ္တိဇံပုံသေနည်းဖြစ်သော ယေရှုနာမအစား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်စကားလုံးများ၊ ကတ်တလစ်အသင်းတော်က ဒုတိယရာစုနှစ်နောက်မှ အသုံးပြုခဲ့ကြောင်း ဖေါ်ထုတ်တင်ပြပါသည်။

**မှန်ကန်သော ဗတ္တိဇံသည် များစွာသောအလင်းပြသလေသည်။**

ယေရှုခရစ်၏နာမ၌ ဗတ္တိဇံခံခြင်းသည်၊ အခြားကျမ်းချက်များ၏ မှန်ဆန်မှု သိမြင်နိုင်ရန်အလင်းပေးသောကြောင့်၊ အရေးကြီးလှပေသည်။

မှန်ကန်သောအချက်တခုမှာ ယေရှု သို့မဟုတ် ယေဟောဝါသည်၊ ဘုရားသခင်ကမိမိကိုယ်ကို ဖေါ်ဆောင်သောနာမဖြစ်ပါသည်၊ အဓိကများယွင်းနိုင်သောအချက်သည်၊ ရှင်မဿဲခရစ်ဝင် ၂၈း၁၉ပင်ဖြစ်လေသည်။ ဤချက်တွင် ယေရှုက ''ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံပေးရန် ညွှန်ကြားခဲ့လေသည်'' မှားယွင်းခဲ့သည်မှာ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ကို ဘုရားသခင်၏အမည်နာမဖြစ်သည်ဟု ဆင်ခြင်မှတ်ယူခြင်းပင်ဖြစ်လေသည်။

သို့သော် ကျမ်းစာတော်သည်၊ ခမည်းတော်၊ သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်တို့ကို ကိုယ်ပိုင်နာမည်အဖြစ် အသုံးမပြုပါ၊ ဇာခရိအနာဂတ္တိကျမ်း ၁၄း၉ တွင်''ထိုနေ့ရက်၌ထာဝရဘုရားတပါးတည်း၊ နာမတော် တပါးတည်းဖြစ်တော်မူမည်''ဟု ရေးသားထားသည်။ ကျမ်းစာကရှင်းလင်းစွာပြသသည်မှာ နာမတော်တပါးဖြစ်၍၊ ပြောင်းလဲခြင်းမရှိဘဲ၊ အစဉ်အမြဲနေလိမ့်မည်၊ယေရှုသည်ခမည်းတော်

သာဖြစ်သည်'ယောဟန်ဗတ္တိဇံနှင့်တမန်တော်တို့၏ဗတ္တိဇံခြားနားချက်သည်ယေရှုနာမဥ္ဇမပေးခြင်းနှင့်ယေရှုနာမဥ္ဇပေးခြင်းပင်ဖြစ်ပါသည်။ ရှင်ပေါလုသည် ယေရှုနာမဥ္ဇဗတ္တိဇံမခံဘဲ၊ ရိုးရိုးဗတ္တိဇံခံသောသူတို့သည်၊ ယေရှုနာမဥ္ဇထပ်မံဗတ္တိဇံခံယူရန် ကောင်းသည်ဟု ခံယူခဲ့လေသည်။ ထို့ကြောင့်တမန်တော်ဝတ္ထု ၁၉း၅တွင် သူတို့သည် ယေရှု-နာမဥ္ဇဗတ္တိဇံခံယူသည်ဟု ပြောထားပါသည်။ ကျွန်ုပ်တို့သည်၊ ဗတ္တိဇံကိစ္စဖြစ်စေ၊ အမှုဆောင်ရွက်ရေးဖြစ်စေ၊ ခပ်သိမ်းသောအရာတို့၌ ကျမ်းစာတော်အတိုင်း လိုက်နာရန်အရေးကြီးလေသည်။

မိမိနာမအတွက်လူသား။ ။ ယေရှုနာမဥ္ဇ ဗတ္တိဇံခံယူခြင်းနှင့်ပတ်သက်၍၊ အခြားအချက်တခုမှာ- ဘုရားသခင်သည်၊ မိမိနာမအတွက် လူသားများစုစည်းနေသည်။ တမန်တော်ဝတ္ထု ၁၅း၁၄တွင် "ဘုရားသခင်သည်၊ မိမိနာမအဘို့တပါးအမျိုးသားထဲကအချို့သောသူတို့ကို နှုတ်ယူခြင်းငှါ" ဟူ၍ ရေးသားထားပါသည်။ ဖေက် ၃း၁၅ အရ ကောင်းကင်နှင့်မြေကြီးပေါ်ရှိ ခရစ်ယာန်မိသားစုအားလုံးသည် ယေရှုနာမတော်ကို ယူဆောင်ရပါလိမ့်မည်။

မိတ်ဆွေ- ဘုရားသခင်သည်၊ မိမိနာမအတွက်၊ လူသားများယနေ့ထိရွေးချယ်ပြင်ဆင်နေဆဲဖြစ်သည်။ မင်္ဂလာဆောင်ပွဲတွင် သတို့သမီးသည်၊ သတို့သား၏နာမကိုပါ ဆောင်ခဲ့သကဲ့သို့၊ ကျွန်ုပ်တို့သည်လည်းယေရှုခရစ်တော်၏ သတို့သမီးဖြစ်သောကြောင့်၊ ယေရှုနာမဥ္ဇ ဗတ္တိဇံခံယူကြသည်။

နောက်ဆုံးသောကာလဟွင်၊ ရှေးဦးအသင်းတော်တို့ကဲ့သို့ပြန်လည်ဖြစ်ရဦးမည်။ တနေ့ရာရာဟွင်၊ သန့်ရှင်းသော ဝိဥာဉ်တော်သွန်းလောင်းခြင်းရှိရပါလိမ့်မည်။ ရှေးဟောင်းအသင်းတော်ကဲ့သို့ဖြစ်လာပြီ- ပင်တေကုတ္တေပြန်လာပြီးပြီ။ သူတို့နည်းသူတို့ဟန်ဖြင့် သွားလာလှုပ်ရှားနေကြသောလူများဖြစ်စေ၊ ဂိုဏ်းဂဏအသီးသီးဖြစ်စေ၊ သန့်ရှင်းသောဝိဥာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံစားလျက်ရှိပါသည်။ တမန်တော်ဝတ္ထု ၂း၁၇ တွင် နောက်ဆုံးသောကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိဥာဉ်တော်ကို ငါသွန်းလောင်းမည်ဟူ၍ ပရောဖက်ပြုထားခဲ့သည်။

သင်တို့သည် အဘယ်မည်သော ဗတ္တိဇံခံယူကြသနည်း။ ။ တမန်တော်ဝတ္ထု၁၉း၃သည် သေချာစွာစစ်ဆေးလိုသောမေးခွန်းမျိုးဖြစ်သည်။ သင်တို့သည်၊ အဘယ်မည်သေ ဗတ္တိဇံကိုခံကြသနည်း။ သာမန်စစ်မှန်သောလူတယောက်ကိုရှေးဟောင်းအယူအဆ၊ အယူဝါဒသည် ချည်နှောင်ထားနိုင်မည်မဟုတ်။ ယုံကြည်သောသူတို့၏ အခြေခံသည် တမန်တော်များနှင့် ပရောဖက်တို့၏ ယုံကြည်ချက်အတိုင်းပင်ဖြစ်သည်။ ဓမ္မကျမ်းစာသာလျှင် အသင်းတော်အား လမ်းညွှန်လမ်းပြသောအရာသာဖြစ်သည်။

ကျမ်းစာနည်းလမ်းသည် ရေနှစ်ခြင်းသာဖြစ်သည်။ ရေနှစ်ခြင်းကို ယေရှုနာမဥ္ဇပေးခြင်းခံယူခြင်း ကျင့်သုံးရပါမည်။ ဤဗတ္တိဇံသည် သမိုင်းစဉ်မှတ်တမ်းများအရ၊ မှားယွင်းမှုနှင့်ကင်းလွတ်သည်။ ဤဗတ္တိဇံသည်၊ ဓမ္မကျမ်းစာမှန်ကန်မှုများ သိနိုင်ရန်အလင်းပေးတော်မူမည်၊ ထိုဗတ္တိဇံသည် ကျွန်ုပ်တို့အား၊ ဘုရားသခင်၏နာမတော် ယေရှုဖြစ်ကြောင်းတွေ့မြင်စေသည်။ ယေရှုခရစ်၏နာမဥ္ဇတန်ခိုးတော်ရှိကြောင်းဖေါ်ပြလေသည်။ မှန်ကန်တိကျသော၊ ဗတ္တိဇံပုံသေနည်း၏ အရေးပါမှုကို နားလည်စေသည်။ ရှေးဟောင်းခရစ်ယာန် အသင်းတော်တို့ကဲ့သို့၊ ပြန်လည်ဖြစ်စေသည်၊ သင်၏ဘုရားသခင်ပညတ်ချက်များလိုက်နာခံယူမှုသည်၊ သင်၏ရိုးသားစစ်မှန်မှုကို၊ ဆုံးခန်းတိုင်အောင် သက်သေပြမည်ဖြစ်လေသည်။

★ ★ ★

ထုတ်ဝေသူ- ဦးအက်(စ်) ပိုခေါ်နန်
၄၄၊ ရွှေတောင်ကြား၊ ရန်ကုန်မြို့

ကင်းလွတ်ခွင့် အမှတ် [၉၆]

ပုံနှိပ်သူ - ဒေါ်ညိုမြ (၀၃၂၅)
သီရိသတ္တိ ပုံနှိပ်တိုက်၊ ၃၂၅၊ မြောင်မြထော်ဖွဲလမ်း၊ ရန်ကုန်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် [၂၃၁]

အုပ်ရေ - (၆၀၀၀) တန်ဘိုး (မေတ္တာ)

ပုံနှိပ်ပြီးသည့်နေ့ (၁၃.၆.၇၉) ပထမအကြိမ်

http://www.sayadi-al-nas.com